VERMONT
DEPARTMENT OF HEALTH

# Vermont ရှိ ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များ

**မေလ၊ 2024 ခုနှစ်**

2024 ခုနှစ် ပြည်နယ်တွင်း ကျန်းမာရေးဆိုင်ရာ အကဲဖြတ်သုံးသပ်မှုသည် Vermont တွင် နေထိုင်သူများ၏ ကျန်းမာရေးနှင့် ကိုယ်စိတ်ချမ်းသာမှုတို့အကြောင်း ကျွန်ုပ်တို့သိရှိထားသည့်အရာများကို ခြုံငုံသုံးသပ်ထားခြင်းဖြစ်ပါသည်။ ဤဒေတာအကျဉ်းချုပ်တွင် ပြည်နယ်တစ်ဝန်းရှိ ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များနှင့် အတွေ့အကြုံများအကြောင်း တွေ့ရှိချက်များကို ထင်ဟပ်ပြသထားပါသည်။ ၎င်းတွင် အများသူငှာဖတ်ရှုနိုင်သော အချက်အလက်များ၊ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများအပြင် ရပ်ရွာမိတ်ဖက်များ၊ ကိုယ်တွေ့ အတွေ့အကြုံများသော ကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများမှ ရယူထားသော အချက်အလက်များ ပါဝင်သည်။

## အဓိက တွေ့ရှိချက်များ

- **အသက်အရွယ်ကြီးရင့်သော လူဦးရေ**- Vermont ပြည်နယ်သား 34.8% သည် အသက် 55 နှစ်နှင့်အထက် ရှိသူများဖြစ်ပြီး အမေရိကန် တစ်နိုင်ငံလုံးတွင်မူ 29% သာ ရှိပါသည်။ ဤအရာသည် ပြည်နယ်အတွင်း အမြန်ဆုံးနှုန်းဖြင့် တိုးပွားလာနေသော သက်ကြီးရွယ်အို အုပ်စုဖြစ်ပါသည်။

- **ပြောင်းလဲနေသော လူဦးရေ**- လွန်ခဲ့သော 15 နှစ်အတွင်း လူဖြူမဟုတ်သည့် Vermont ပြည်နယ်သားအရေအတွက်သည် 2 ဆ တိုးတက်လာခဲ့ပါသည်။

- **အိမ်ရာ ပြဿနာများနှင့်အတူ နေထိုင်မှုစရိတ် မြင့်မားခြင်းနှင့် ဆေးဘက်ဆိုင်ရာနှင့် စိတ်ကျန်းမာရေး/မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုဆိုင်ရာ ဝန်ဆောင်မှုများ**အား ရယူရာတွင် ပြဿနာများသည် လူဖြူမဟုတ်သော Vermont ပြည်နယ်သားများ၊ LGBTQ+ အသိုင်းအဝိုင်း၏ အဖွဲ့ဝင်များ၊ သက်ကြီးရွယ်အို Vermont ပြည်နယ်သားများ၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၊ မသန်စွမ်း Vermont ပြည်နယ်သားများနှင့် အိမ်ရာမဲ့ အသိုင်းအဝိုင်းတို့အတွက် ပို၍များပြားလာသည်။

---

**"ဆွေးနွေးအကြံပေးနိုင်တဲ့သူ တစ်ယောက်နဲ့မှ ဆက်သွယ်လို့ မရဘူး၊ ကျွန်တော့်ကို ကယ်မယ့်သူ ဘယ်သူမှ မရှိဘူး၊ ဒါ့ကြောင့် ကိုယ့်ဖာသာ ဆေးတစ်လုံး သောက်လိုက်တော့မယ်။ ကိုယ့်ဖာသာ မူးယစ်ဆေး ထိုးလိုက်တော့မယ်၊ ဒီမကောင်းတဲ့ အတွေးတွေကို ငါ့ခေါင်းထဲက ထုတ်ပစ်ဖို့ ဘာပဲဖြစ်ဖြစ် လုပ်ပစ်လိုက်တော့မယ်။ ကူညီမယ့်သူလည်း ရှိတာမှမဟုတ်တာ။"**

- စားသောက်နေထိုင်မှုစရိတ် မြင့်တက်လာခြင်းသည် Vermont ပြည်နယ်သားများအား **စီးပွားရေးဆိုင်ရာ အကျပ်အတည်းအခြေအနေ**အတွင်း ရောက်ရှိစေခဲ့ပါသည်။

- **အာမခံ ရှိသည့်တိုင်** ကိုယ်တိုင် စိုက်ထုတ်သုံးစွဲရသော ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များသည် အကန့်အသတ်နှင့်သာရှိသော မိသားစုဝင်ငွေအပေါ် ထပ်မံ၍ ဝန်ပိစေခဲ့သည်။

- 2020 ပြည့်နှစ်အတွင်း Vermont ၏ 2-1-1 နံပါတ်သို့ ခေါ်ဆိုခဲ့မှုများ၏ **26.1 %** သည် အိမ်ရာ၊ အလုပ်အကိုင် သို့မဟုတ် ဝင်ငွေထောက်ပံ့မှုများအတွက် ဖြစ်ပါသည်။

- 2020 ပြည်နှစ်မှစ၍ **အိုးမဲ့အိမ်မဲ့ဖြစ်မှုသည် 197%** အထိ မြင့်တက်ခဲ့ပြီး လူဖြူမဟုတ်သောသူများနှင့် ဒေသခံ တိုင်းရင်းသားများတွင် ထို့ထက်ပင် ပိုပါသည်။ 2022-2023 ခုနှစ်မှစ၍ ကလေးရှိသော မိသားစုများ အိုးမဲ့အိမ်မဲ့ဖြစ်မှုသည်လည်း 36% မြင့်တက်ခဲ့ပါသည်။

---

**"အိမ်ငှားခတွေက တက်ပြီးရင်း ထပ်ထပ်တက်တယ်၊ အိမ်ရဲ့အခြေအနေက ဘာမှမပြောင်းလဲဘဲနဲ့ ကျွန်မတို့က ပိုပိုပေးနေရတယ်၊ ဟုတ်တယ် မဟုတ်လား။ အကျိုးကျေးဇူးကျ ထပ်မတိုးဘဲနဲ့ မိုးထိမြင့်တက်နေတာနဲ့ တူတယ်"**

---

# Vermont ရှိ ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များ

**"သွေးကင်ဆာရှိတဲ့လူနာတစ်ယောက်အတွက် အပေါက်ဝက ဝင်ဖို့လေးတောင် 4 လ စောင့်ရတာတော့ အဆင်မပြေပါဘူး။ အချို့ သွေးကင်ဆာတွေက ဒီထက်နည်းတဲ့ အချိန်အတွင်းမှာ အရမ်းပြင်းထန်သွားနိုင်တယ်။"**

- ပြည်နယ်တစ်ဝန်း **ကျန်းမာရေး စောင့်ရှောက်မှုပေးသူ မလုံလောက်မှုများ**က ဝန်ဆောင်မှုများအတွက် စောင့်ရချိန်ကို ပိုမို ကြာမြင့်စေပါသည်။ ဝန်ဆောင်မှုများအတွက် ကြာရှည်စွာ စောင့်ဆိုင်းခဲ့ရသော Vermont ပြည်နယ်သား သုံးပုံတစ်ပုံသည် **ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများ** ရှိခဲ့ပြီး ရလဒ်အနေနှင့် အလုံးစုံ ကျန်းမာရေးကို ကျဆင်းစေပါသည်။

- 2021 ခုနှစ်အတွင်း Vermont ပြည်နယ်သား သုံးပုံတစ်ပုံကျော်က **စိုးရိမ်ပူပန်မှု**နှင့် **စိတ်ကျရောဂါ**လက္ခဏာများ ခံစားနေရကြောင်း သတင်းပို့ခဲ့ပါသည်။ **မိမိကိုယ်မိမိ သေကြောင်းကြံစည်မှု**နှုန်း တိုးလာခြင်းသည် နိုင်ငံအတွင်း အမြန်ဆုံးဖြစ်သည်။

| Vermont တွင် တိုးလာသော သေဆုံးမှုနှုန်း<br>(နေထိုင်သူ 100,000 ဦးလျှင်) | VT | US |
|---|---|---|
| နှလုံးသွေးကြောကျဉ်းရောဂါ | 101.3 | 91.5 |
| မိမိကိုယ်မိမိ သေကြောင်းကြံစည်မှု | 17.7 | 13.8 |
| မရည်ရွယ်ဘဲ ထိခိုက်ဒဏ်ရာရရှိမှု | 59.7 | 50.4 |
| ကင်ဆာရောဂါ | 156.1 | 149.4 |

- 2021 ခုနှစ်တွင် စိတ်ကျရောဂါ လက္ခဏာများ ခံစားနေရကြောင်း သတင်းပေးပို့ခဲ့သည့် အသက် 12 နှစ်မှ 17 နှစ်အရွယ် Vermont ပြည်နယ်သား 6,000 အနက် **41% သည် ကုသမှုမရရှိခဲ့ပါ**။ စိတ်ကျန်းမာရေးဆိုင်ရာ ကုသမှု မခံယူရန် ရွေးချယ်ခဲ့သူ အားလုံး၏ 25% သည် **ကုန်ကျစရိတ်**ကြောင့် ထိုသို့ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

- အခြေခံ ဆေးဝါး စောင့်ရှောက်မှုအတွက် **အရေးပေါ်ခန်း**သို့သွားနေသော၊ လုံခြုံပြီး တန်ဖိုးသင့်တင့်သော အိမ်ရာရှာဖွေရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ရရှိရေးတို့ကဲ့သို့သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအတွက် အကူအညီရရှိရန် သူတို့၏ အခြေခံစောင့်ရှောက်ရေး ဆရာဝန်များထံ သွားကြသော Vermont ပြည်နယ်သားများ ပိုမိုများပြားလာသည်။

- **မူးယစ်ဆေးဝါး အလွဲသုံးစားလုပ်မှု များလာခြင်း-** ပြီးခဲ့သည့် ရက်ပေါင်း 30 အတွင်း ဆေးခြောက်သုံးစွဲထားသည်ဟု သတင်းပေးပို့ခဲ့သော အသက် 12 နှစ်နှင့် အထက် Vermont ပြည်နယ်သားအရေအတွက်သည် 22% ဖြစ်ပြီး တစ်နိုင်ငံလုံးနှုန်းမှာ 12% သာ ရှိသည်။

- 2021-2022 ခုနှစ်မှစ၍ Vermont တွင် ဘိန်းသုံးစွဲမှုကြောင့် သေဆုံးနှုန်းသည် **10% တိုးမြင့်**လာပါသည်။

- ဝန်ဆောင်မှုပေးသူ မလုံလောက်သည့် အကြောင်းပြချက်ဖြင့် သွားဆရာဝန်ထံသွားရောက်သည့် Vermont ပြည်နယ်သားများ ပို၍နည်းနည်းလာပါသည်။

**"တကယ်လို့ သင်ဟာ ပိုပြီး အစွန်အဖျားကျတဲ့ ကျေးလက်မှာ နေထိုင်တယ်ဆိုရင် အဲဒီနေရာကို ဘယ်လိုသွားရမလဲဆိုတာ အရင်နည်းလမ်းရှာဖို့လိုပါတယ်၊ သင် ကားမမောင်းနိုင်ဘူးဆိုရင်၊ သင့်မှာ ကားမရှိရင်၊ သူငယ်ချင်းမရှိရင်တော့ သင့်ကို ကံကောင်းပါစေလို့ ဆုတောင်းပေးရုံပဲ ရှိပါတော့တယ်။"**

*အတူပူးပေါင်းဆောင်ရွက်သူ*

C4BHI

# Vermont ရှိ ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များ

## ကိုးကားချက်များ-

- ကောင်တီ ကျန်းမာရေး အဆင့်သတ်မှတ်ချက်များ၊ Wisconsin တက္ကသိုလ် လူဦးရေကျန်းမာရေး အင်စတီကျု။ မှီငြမ်းစရာများတွင် ပါဝင်သည်များမှာ-
    - VT ကျန်းမာရေးဌာန လူဦးရေကျန်းမာရေးဆိုင်ရာ စစ်တမ်းများနှင့် အချက်အလက်များ
    - VT ပညာရေးဌာန အချက်အလက်နှင့် အစီရင်ခံခြင်း
    - VT ကင်ဆာရောဂါဆိုင်ရာ မှတ်တမ်းသွင်းရုံး
    - VT ရာဇဝတ်မှုဆိုင်ရာ သတင်းအချက်အလက်စင်တာ
    - VT ကျန်းမာရေးဌာန သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အချက်အလက်များ ခြေရာခံစနစ်
    - VT ပြည်နယ် အဝေးပြေးလမ်းမ ဘေးကင်းရေးရုံး
    - VT ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု လူဦးရေ
- CARES ဒေတာဘေ့စ်၊ Missouri တက္ကသိုလ်။ အောက်ပါတို့အပါအဝင် ကန့်သတ်မထားသည့် မှီငြမ်းစရာများစွာမှ ဒေတာများကို စုစည်းရယူထားပါသည်-
    - အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းကောက်ယူမှု ဗျူရို
    - အမေရိကန် လူမှုအသိုင်းအဝိုင်း စစ်တမ်း (ACS)
    - ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး စင်တာများ (CDC)
    - အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA)
- အပြုအမူပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေနိုင်သော အချက်အလက်များ စောင့်ကြည့်ရေး စနစ် (BRFSS 2021)
- Abenaki ဌာနေတိုင်းရင်းသားများအတွက် မျှတသော ကျန်းမာရေးစောင့်ရှောက်မှု- Maria Mercedes Avila၊ Christine Begay Vining၊ Joshuaa Allison-Burbank နှင့် Christine Velez တို့ ရေးသားပြုစုထားသော အရည်အသွေးမီ စိတ်ကျန်းမာရေးနှင့် အရက်/မူးယစ်ဆေးအလွဲသုံးစားမှု ဝန်ဆောင်မှုများအား ပိုမို ရရှိအသုံးပြုနိုင်ရေး
- 2022 ခုနှစ်Vermont ၏အိမ်ရာမဲ့ဖြစ်သွားသော
- ရာသီဥတုနှင့် ကျန်းမာရေး၊ ကူးစက်ရောဂါများ၊ VT ကျန်းမာရေးဌာန
- VT Legislative Joint Fiscal Office မှ ထုတ်ပြန်သည့်အစီရင်ခံစာအကျဉ်းချုပ်- Vermont ၏ အသက်အရွယ်အုပ်စုအလိုက် လူဦးရေခန့်မှန်းချက်– 2121 ခုနှစ်ကို 2010 ခုနှစ်နှင့် နှိုင်းယှဉ်ပြထားပါသည်။
- VT စိတ်ကျန်းမာရေးဌာန၏ 2030 ပြည့်နှစ်မျှော်မှန်းချက်
- Vermont ပြည်နယ်သားများ၏ အသက်အရွယ်နှင့် ဖြစ်စဉ်အလိုက် သေစေနိုင်လောက်သော ဆေးဝါးအလွန်အကျွံသုံးစွဲမှု၊ VT ကျန်းမာရေးဌာန
- ကျန်းမာရေးစင်တာ ပရိုဂရမ်ဆိုင်ရာ တစ်ပြေးညီအချက်အလက်စနစ် (UDS) ဒေတာ
- COVID စကားဝိုင်းများ- အကြိုတွေ့ရှိချက်များနှင့် အကြံပြုချက်များ၊ ReJOICE စီမံကိန်း၊ ဒီဇင်ဘာလ 2020 ခုနှစ်
- Vermont ပြည်နယ် အကြံပေးကောင်စီ ကွန်ရက်၏ မူဝါဒဆိုင်ရာ အကြံပြုချက်များ
- VT ကင်ဆာအချက်အလက် စာမျက်နှာများ၊ VT ကျန်းမာရေးဌာန၊ ဖေဖော်ဝါရီလ 2023 ခုနှစ်
- လူငယ်များ၏ အန္တရာယ်ရှိသော အပြုအမူဆိုင်ရာ စစ်တမ်း
- 3>4>50 Vermont၊ VTကျန်းမာရေးဌာန